# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၉) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂ |
| ၂။ | ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း။ | ၃-၄ |
| ၃။ | ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၅ |
| ၄။ | ဥပဒေမူကြမ်းရေးဆွဲခြင်းပညာရပ် ။ | ၆-၇ |
| ၅။ | ကနေဒါ၊ သြစတြေးလျ၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများမှ တာလီဘန်အပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုမှုစတင်ခြင်း။ | ၈-၁၀ |
| ၆။ | Facebook သည် ပုဂ္ဂလိကလုံခြုံရေးဆိုင်ရာဥပဒေအား ချိုးဖောက်ကြောင်း ကနေဒါအယူခံရုံးက တွေ့ရှိခြင်း။ | ၁၁-၁၂ |
| ၇။ | ဥရောပသမဂ္ဂ (EU) က အချုပ်အခြာအာဏာကာကွယ်ခြင်းအက်ဥပဒေနှင့် စပ်လျဉ်း၍ ဟန်ဂေရီနိုင်ငံကို European Court of Justice(ECJ)သို့တင်ပြခြင်း။ | ၁၃-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၉) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့် အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှထုတ်ပြန်သည့်လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများအရ သတ်မှတ်ဖော်ပြထားသည့်ပုံစံများနှင့် အခကြေးငွေများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၁၆(က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့်လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများအရ သတ်မှတ်ဖော်ပြထားသည့်ပုံစံများနှင့် အခကြေးငွေများသတ်မှတ်ခြင်းကို ၉-၈-၂၀၂၄ ရက်နေ့၌ အမိန့်ကြော်ငြာစာအမှတ် (၉၉၈/၂၀၂၄) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ထိုအမိန့်ကြော်ငြာစာ၌ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများအရမှတ်ပုံတင်အရာရှိထံ တင်သွင်းရန်နှင့် လျှောက်ထားရန်လိုအပ်သော အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဖြင့် လျှောက်ထားရမည့်ပုံစံများကိုလည်းကောင်း၊ ယင်းပုံစံများတင်သွင်းရာတွင် ပေးသွင်းရမည့် မှတ်ပုံတင်အရာရှိက သတ်မှတ်ထားသည့်နောက်ဆက်တွဲဇယားပါအခကြေးငွေများကိုလည်းကောင်း ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပါသည်။

အခကြေးငွေပေးသွင်းရာတွင် မှတ်ပုံတင်အရာရှိက ညွှန်ကြားသည့်နည်းလမ်းအတိုင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း

ယုံမှတ်အပ်နှံမှုအက်ဥပဒေကို အိန္ဒိယအက်ဥပဒေအမှတ် ၂/၁၈၈၂ ဖြင့် ၁-၃-၁၈၈၂ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅/၂၀၂၄ ဖြင့် ၁၉-၉-၂၀၂၄ ရက်နေ့တွင်ပြင်ဆင်ခဲ့ပါသည်။ ယုံမှတ်အပ်နှံမှုအက်ဥပဒေသည် ၃၀-၉-၁၉၀၄ ရက်နေ့တွင် ရန်ကုန်မြို့၌စတင်အာဏာသက်ရောက်ခဲ့ပြီး ၄-၁-၁၉၄၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတက ထုတ်ပြန်သည့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုဗမာနိုင်ငံ(ဥပဒေများအစားထိုးခြင်း)အမိန့်အရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာသက်ရောက်ခဲ့ပါသည်။

ယုံမှတ်အပ်နှံမှုအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ ယုံမှတ်အပ်နှံမှုအက်ဥပဒေအရ ယုံမှတ်အပ်နှံခံရသူများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာရမည်ဖြစ်ပါသည်-

(၁) ယုံမှတ်အပ်နှံမှုဖန်တီးသူ၊ ယုံမှတ်အပ်နှံခံရသူ၊ အကျိုးခံစားထိုက်သူ နှင့် အခြားသက်ဆိုင်သူများ၏တိကျမှန်ကန်သော အချက်အလက်များကို ပြည့်ပြည့်စုံစုံရယူထားရန်နှင့်ထိန်းသိမ်းထားရန်၊

(၂) ယုံမှတ်အပ်နှံမှု၏ ကိုယ်စားလှယ်များနှင့်ဝန်ဆောင်မှုပေးသူများဖြစ်ကြသည့်စီးပွားရေးအကြံပေးများ သို့မဟုတ် မန်နေဂျာများ၊ စာရင်းကိုင်များ နှင့် အခွန်ဆိုင်ရာအကြံပေးများ၏အခြေခံအချက်အလက်များကို ထိန်းသိမ်းထားရန်၊

(၃) တိကျမှန်ကန်သော သတင်းအချက်အလက်များကို ထိန်းသိမ်းထားရန်နှင့် အခြေခံအကြောင်းအရာများ အချိန်နှင့်တစ်ပြေးညီ အသစ်ဖြစ်စေရန်၊

(၄) မိမိ၏အခြေအနေကို ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေကြေးမဟုတ်သော စီးပွားရေးလုပ်ငန်း သို့မဟုတ် အလုပ်အကိုင်များသို့ ဖွင့်ပြောရန်နှင့် စီးပွားရေးဆက်နွယ်ခြင်း သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့တွင် အနိမ့်ဆုံး

သတ်မှတ်ထားသည့် ငွေစီးဆင်းမှုပမာဏထက်ကျော်လွန်သည့်အခါ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းသို့ အစီရင်ခံတင်ပြရန်၊

(၅) ယုံမှတ်အပ်နှံမှုနှင့်ဆက်စပ်မှုရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းသို့ ပံ့ပိုးပေးရန် နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့်ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်း သို့မဟုတ် အလုပ်အကိုင်များက အကျိုးခံစားထိုက်သူ နှင့် ယုံမှတ်အပ်နှံမှုဖန်တီးသူများအပေါ် စီးပွားရေးပတ်သက်ဆက်နွယ်မှုအရ တည်ဆဲဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းတို့နှင့်ဆိုင်သည့် သတင်းအချက်အလက်များအပေါ် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေး လုပ်ငန်း သို့မဟုတ် အလုပ်အကိုင်များက တောင်းခံလာပါက ပေးရန်။

ထို့ပြင် ယုံမှတ်အပ်နှံခံရသူသည် ယုံမှတ်အပ်နှံမှုနှင့်သက်ဆိုင်သည့် သတင်းအချက်အလက် အားလုံးကို ယုံမှတ်အပ်နှံမှုရပ်စဲပြီးနောက် အနည်းဆုံး ၅ နှစ် ထိန်းသိမ်းထားရန်တာဝန်ရှိပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ကို လိုက်နာရမည် ဖြစ်ပါသည်။

ယုံမှတ်အပ်နှံမှုအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေသည် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက် ရေးအဖွဲ့ (Financial Action Task Force – FATF)၏ အကြံပြုချက်အမှတ် ၂၅ အရ ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၉)		၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်

## ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်စပ်လျဉ်းသည့်သတင်းစဉ်

ပြည်ထဲရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)အရ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းသို့သယ်ဆောင်ခြင်းနှင့်သိုလှောင်ခြင်း၊ဖြန့်ဖြူးခြင်းဆိုင်ရာစံသတ်မှတ်ချက်များကို ၂၀၂၄ ခုနှစ်၊စက်တင်ဘာလ ၃၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇/ ၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် အခွင့်ရအရောင်းကိုယ်စားလှယ်(Authorized Dealer) ရသည့်ကုမ္ပဏီတွင်ရှိသင့်သည့်စံသတ်မှတ်ချက်(Criteria)များ၊ ထိန်းချုပ်ဓာတုပစ္စည်းသိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းဆောင်ရွက်ရာတွင်ရှိသင့်သည့်စံသတ်မှတ်ချက်(Criteria)များနှင့် ထိန်းချုပ်ဓာတုပစ္စည်းသယ်ဆောင်ခြင်းဆောင်ရွက်ရာတွင်ရှိသင့်သည့် စံသတ်မှတ်ချက်(Criteria)များကို ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ အခွင့်ရအရောင်းကိုယ်စားလှယ်ရသည့်ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည်ဖြစ်ကြောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့်စပ်လျဉ်းသည့်သတ်မှတ်ချက်များ၊ သိုလှောင်ရုံအဆင့်သတ်မှတ်ချက်များ၊ ထိန်းချုပ်ဓာတုပစ္စည်းသယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာသတ်မှတ်စံချိန်၊ စံညွှန်းမီသော သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားနှင့်စပ်လျဉ်းသည့် အသေးစိတ်သတ်မှတ်ချက်များကိုလည်းထုတ်ပြန်ထားကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ယင်းအမိန့်ကြော်ငြာစာအရ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်တွင်းတွင် ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းမြစ်:	ပြည်ထဲရေးဝန်ကြီးဌာန

## ဥပဒေမူကြမ်းရေးဆွဲခြင်းပညာရပ်

ဥပဒေမူကြမ်းရေးဆွဲခြင်းအတတ်ပညာသည် အနုပညာတစ်ရပ်ဖြစ်ပြီး မိမိ၏အတွေ့အကြုံ ဗဟုသုတကြွယ်ဝမှု၊ ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းကျွမ်းကျင်မှုနှင့် နည်းပညာပြည့်စုံမှုတို့ဖြင့် ကောင်းမွန်သောဥပဒေမူကြမ်းတစ်ရပ်အဖြစ် ခြယ်မှုန်းရန် လိုအပ်ပါသည်။

ဥပဒေမူကြမ်းရေးဆွဲခြင်းပညာနှင့်စပ်လျဉ်း၍ ပညာရှင်အသီးသီးက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည် -

**Sir James Stephen** က "Legislative drafting has been described as both an art and profession."

**C.K. Allen** က "no prefect draft is possible, and it is only an ideal."

**Dr.Mukund Sarda** က "Legislative drafting is a difficult art."

**Dr.Mukund Sarda** က ORIENT JOURNAL OF LAW AND SOCIAL SCIENCES ( A MONTHLY JOURNAL )တွင် ကောင်းမွန်သောဥပဒေမူကြမ်းတစ်ခုဖြစ်ရန် အောက်ပါအချက်အလက်များသည် အရေးကြီးကြောင်း ဖော်ပြထားပါသည် -

(1) It must be done by a person having the basic legal knowledge:

(2) Proper use of English language or the language in which the legislation is drafted, as is the case with Indian drafts being translated in Hindi or other local language of the State:

(3) Ability and competence of the draftsman combined with imagination and plenty off practice in doing this work.

ဥပဒေမူကြမ်းရေးဆွဲခြင်းအတတ်ပညာသည် ဥပဒေလျှောက်လဲချက်ရေးသားခြင်း အတတ်ပညာနှင့် ခြားနားပါသည်။ သို့သော် အခြေခံဥပဒေဗဟုသုတရှိသူကသာ ဥပဒေမူကြမ်း ရေးဆွဲသင့်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၉) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်

ယနေ့ခေတ်မြန်မာနိုင်ငံတွင် ဥပဒေမူကြမ်းကိုရေးဆွဲရန် တာဝန်ရှိသူများအနေဖြင့် ဥပဒေမူကြမ်းရေးဆွဲရာတွင် အထောက်အကူပြုစေရန်အလို့ငှာ အောက်ပါအချက်အလက်များကို သိရှိနားလည်ထားရန် လိုအပ်ပါသည် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလုံးကို ကြေညက်စွာ လေ့လာထားရှိရန်၊

(၂) နိုင်ငံတော်၏တည်ဆဲဥပဒေများကို မဆန့်ကျင်စေရန်နှင့်မထပ်စေရန် ဂရုပြုရမည့်အပြင် ပြဋ္ဌာန်းဥပဒေများနှင့် တည်ဆဲဥပဒေများအားလုံးကို သိရှိထားရန်၊

(၃) ၁၉၇၃ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကို သိရှိနားလည်ထားရန်၊

(၄) နိုင်ငံတော်၏အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊လူမှုရေးနှင့်စီးပွားရေးဆိုင်ရာစသည့် ဥပဒေရေးရာများနှင့် အခြေအနေများ၊ ပြဿနာများကို မျက်ချည်မပြတ် သိရှိထားရန်၊

(၅) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မထိခိုက်စေရေးအတွက် တိုင်းရင်းသားလူမျိုးအလိုက် အခြေတည်ခိုင်မာနေသော ရိုးရာဓလေ့ထုံးတမ်းများကို သိရှိထားရန်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၉) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်

## ကနေဒါ၊ ဩစတြေးလျ၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများမှ တာလီဘန်အပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုမှုစတင်ခြင်း

ကနေဒါ၊ ဩစတြေးလျ၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများမှ တာလီဘန်အပေါ် ကျား/မ ခွဲခြားဆက်ဆံမှုနှင့်လူမျိုးရေးခွဲခြားမှုတို့ဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုမှုစတင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ယခုအမှုသည် အပြည်ပြည်ဆိုင်ရာတရားရုံး၏ရှေ့မှောက်တွင် အခြားနိုင်ငံများမှ နိုင်ငံတစ်နိုင်ငံအပေါ် ကျား/မခွဲခြားဆက်ဆံမှုဖြင့်စွဲဆိုသော ပထမဆုံးအမှုဖြစ်လာမည်ဖြစ်ပါသည်။

အဆိုပါကြေညာချက်ကို မကြာသေးမီကကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ကကြေညာခဲ့ပြီး ယင်းညီလာခံတွင် သရုပ်ဆောင်မင်းသမီး Meryl Streep က တိရိစ္ဆာန်များသည် အာဖဂန်နစ္စတန်အမျိုးသမီးများထက် ပိုမိုလွတ်လပ်ကြောင်း အာဖဂန်နစ္စတန်အမျိုးသမီးများ ရင်ဆိုင်နေရသော တင်းမာသော ကန့်သတ်ချက်များကို အလေးပေးဖော်ပြခဲ့ပါသည်။

တရားစွဲဆိုမှုတွင်ပါဝင်သောနိုင်ငံများသည် ကျားမခွဲခြားဆက်ဆံရေးပပျောက်ရန် တာလီဘန်နှင့် သံတမန်နည်းလမ်းအရ စေ့စပ်ဆွေးနွေးလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ သို့ရာတွင် သံတမန်နည်းလမ်းအရ စေ့စပ်ဆွေးနွေးမှုမအောင်မြင်ခဲ့ပါက အပြည်ပြည်ဆိုင်ရာတရားရုံး၌ အမှုကြားနာပြီး တရားမျှတမှုကိုရှာဖွေမည်ဖြစ်ကြောင်း အခိုင်အမာဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါတရားစွဲဆိုမှုသည် "အမျိုးသမီးများအပေါ် နည်းလမ်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်( Convention on the Elimination of All Forms of Discrimination Against Women-CEDAW)" ကို အခြေပြုပြီး ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

အဆိုပါကိစ္စရပ်ကို ထောက်ခံသူများက ပထမဆုံးဖြစ်သောယခုတရားစွဲဆိုမှုသည် တာလီဘန်အနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး၏စီရင်ပိုင်ခွင့်ကို မလိုက်နာခြင်း ဖြစ်ပေါ်ခဲ့ပါကလည်း တာလီဘန်နှင့် အခြားနိုင်ငံများ၏သံတမန်ဆက်ဆံရေးတည်ဆောက်မှုကို အဟန့်အတားဖြစ်စေမည်ဖြစ်ကြောင်း ဖော်ပြပြောဆိုခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး၏အဖွဲ့ဝင်နိုင်ငံများအနေဖြင့်

တာလီဘန်သည် ၎င်းတို့၏ညွှန်ကြားချက်များကို အပြည့်အဝလိုက်နာရန်မျှော်လင့်ကြောင်း ဖော်ပြခဲ့ကြပါသည်။

အာဖဂန်နစ္စတန်အမျိုးသမီးများအား အများပြည်သူရှေ့စကားပြောဆိုခြင်းကို တားမြစ်ခြင်း အပါအဝင်တာလီဘန်တို့၏ မကြာသေးမီက အရေးယူဆောင်ရွက်ချက်များသည် အာဖဂန်နစ္စတန် အမျိုးသမီးများအား အွန်လိုင်းမှ ဆန့်ကျင်ဆန္ဒပြမှုများလုပ်ဆောင်စေရန် အဓိကလှုံ့ဆော်ပေးစေသော အကြောင်းအရာများဖြစ်ပါသည်။ ပြီးခဲ့သည့်လက တာလီဘန်တို့သည် အမျိုးသမီးများ၏ လွတ်လပ်ခွင့်များ၊ အမျိုးသမီးများနေအိမ်မှထွက်ခွာပါက ခန္ဓာကိုယ်တစ်ခုလုံးဖုံးကွယ်ခြင်းနှင့် အများပြည်သူရှေ့သီချင်းဆိုခြင်း သို့မဟုတ် အသံကျယ်ကျယ်လောင်လောင်ပြောခြင်းကို တားမြစ်ခြင်း စသည်တို့ကို ပိုမိုထိန်းချုပ်ကန့်သတ်ထားသည့် စည်းမျဉ်းအသစ်များကို ပြဌာန်းခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာတရားရုံးက အာဖဂန်နစ္စတန်(တာလီဘန်)သည် CEDAW Convention ကို ချိုးဖောက်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါက အဆိုပါချိုးဖောက်မှုကို တုံ့ပြန်သည့်အနေဖြင့် စစ်ရေးအရေးယူမှုမဟုတ်သော အခြားသောနိုင်ငံများ၏တစ်ဦးချင်း သို့မဟုတ် စုပေါင်းအရေးယူဆောင်ရွက်မှုများဆီသို့ ဦးတည်သွားနိုင်ပါသည်။ ထို့ပြင် အဆိုပါစီရင်ချက်သည် ခိုလှုံခွင့်တောင်းခံသည့်အာဖဂန်နစ္စတန်အမျိုးသမီးများကို နိုင်ငံများမှလက်မခံဘဲ ပြည်နှင်ဒဏ်ပေးရန်အစား ကျားမခွဲခြားဆက်ဆံခံရသည့် တစ်ဦးချင်းတစ်ယောက်ချင်းစီအား ဒုက္ခသည်အဆင့်သတ်မှတ်၍ ခိုလှုံခွင့်ပြုရန်အားပေးသည့် လှုံ့ဆော်မှုတစ်ခုဖြစ်လာနိုင်ပါသည်။

အာဖဂန်နစ္စတန်သည် အဆိုပါ CEDAW Convention ကို ၂၀၀၃ ခုနှစ်တွင် အတည်ပြုပါဝင်ခဲ့ပါသည်။ အာဖဂန်နစ္စတန်အနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ရှေ့မှောက်တွင် တရားဝင်ကြားနာမှုမစတင်မီ ၆ လအတွင်း အဆိုပါစွပ်စွဲချက်များကို ဖြေရှင်းမည်ဟု ယူဆထားကြပါသည်။ တာလီဘန်များ၏ ယင်းကဲ့သို့သော ခွဲခြားဆက်ဆံမှုများကို အရေးယူရန် အချိန်ကြာမြင့်နေပြီဖြစ်ပြီး ယခုအခါ၎င်းတို့၏ ခွဲခြားဆက်ဆံမှုများကို ကိုင်တွယ်ဖြေရှင်းမည့်လမ်းကြောင်းပေါ် ရောက်ရှိလာပြီဖြစ်ပါသည်။

ယခုကဲ့သို့သောဆောင်ရွက်ချက်သည် အာဖဂန်အမျိုးသမီးများအပေါ် လူ့အခွင့်အရေးချိုးဖောက်သည့် တာလီဘန်များ၏မကောင်းသောလုပ်ရပ်များအတွက် နိုင်ငံတကာတရားရုံးရှေ့တွင် တရားမျှတမှုရှာဖွေပေးမည့် ပထမဆုံးဆောင်ရွက်ချက်ဖြစ်ပြီး တာလီဘန်မှ"သူတော်စင်အကျင့်ကို မြှင့်တင်ခြင်းနှင့် ဒုစရိုက်ကိုတားဆီးခြင်းဥပဒေ" (Promotion of Virtue and Prevention of Vice Law) ကို အကောင်အထည်ဖော်ပြီးနောက် အခွင့်အရေးပိုမိုဆုံးရှုံးလာသည့် အာဖဂန်နစ္စတန်အမျိုးသမီးများ၏ အခြေအနေကို သိသာထင်ရှားစေသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2024/09/canada-australia-germany-and-the-netherlands-set-to-initiate-legal-proceedings-against-taliban-at-icj/

## Facebook သည် ပုဂ္ဂလိကလုံခြုံရေးဆိုင်ရာဥပဒေအားချိုးဖောက်ကြောင်း ကနေဒါအယူခံရုံးက တွေ့ရှိခြင်း

လူမှုမီဒီယာဖြစ်သောFacebookသည် ကနေဒါနိုင်ငံ၏ ပုဂ္ဂလိကသတင်းအချက်များကာကွယ်ရေးနှင့်အီလက်ထရောနစ်အထောက်အထားများအက်ဥပဒေ Personal Information Protection and Electronic Documents Act (PIPEDA) ပြဋ္ဌာန်းချက်အရ အဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကသတင်းအချက်အလက်ဒေတာကို ကာကွယ်ရန်နှင့် လေးနက်သောသဘောတူညီမှု (meaningful consent) ရယူရန် တာဝန်ကိုချိုးဖောက်ခဲ့ကြောင်း ကနေဒါနိုင်ငံအယူခံရုံးက တွေ့ရှိခဲ့သည်။

Facebook ၏ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ မျှဝေမှုလုပ်ငန်းစဉ်အား စုံစမ်းမှုပြုရာတွင် ပုဂ္ဂလိကလုံခြုံရေးဆိုင်ရာကော်မရှင်က အောက်ပါအတိုင်း တွေ့ရှိခဲ့ပါသည် -

(က) အသုံးပြုသူ (user)ထံမှ လေးနက်သောသဘောတူညီမှုရယူမည့် apps ထည့်သွင်းရန် ပျက်ကွက်ခြင်း၊

(ခ) အသုံးပြုသူများ၏မိတ်ဆွေများထံမှလေးနက်သောသဘောတူညီမှုရယူရန်ပျက်ကွက်ခြင်း၊

(ဂ) အသုံးပြုသူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာသတင်းအချက်အလက်များကို ကာကွယ်ရန်လုံလောက်သောအစီအမံများမရှိခြင်း၊

(ဃ) အချက်အလက်များချိုးဖောက်မှုအတွက် တာဝန်ယူရမည့်အစားဝန်ဆောင်မှုသဘောတူခြင်း၌ ပါဝင်သောရှုပ်ထွေးကျယ်ပြန့်သည့်စည်းကမ်းချက်များအပေါ်အမှီပြုခြင်း။

Facebook က ထိုသို့ကျင့်သုံးမှုများကို ပြောင်းလဲစေရေးအတွက် တရားရုံးအမိန့်ရရှိရန် ပရီဗီကော်မရှင်နာကကြိုးပမ်းနေစဉ် Facebook ၏ အချက်အလက်ကာကွယ်ရေးတာဝန်နှင့်စပ်လျဉ်း၍ ထပ်တိုး apps များအသုံးပြုသည့်အခါ ယင်း apps က သတင်းအချက်အလက်များရယူလေ့ရှိခြင်းကြောင့် Facebook ၏ အချက်အလက်လုံခြုံမှုအစီအစဉ်သည် သင့်လျော်မှု ရှိ မရှိ ဆုံးဖြတ်ရာတွင် သက်သေထင်ရှားဖြစ်စေရန် လုံလောက်မှုမရှိကြောင်း အောက်တရားရုံးက တွေ့ရှိခဲ့ပါသည်။

PIPEDA က ချမှတ်ခဲ့သော "meaningful consent" ပါ သဘောတူညီမှုပြုသည့်အသုံးပြုသူ "users" နှင့် ယင်းအသုံးပြုသူ၏မိတ်ဆွေ "friends" တို့အကြား ကွဲပြားမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာ တွင် အောက်တရားရုံး၏စံနှုန်းသတ်မှတ်မှုမှာ လွန်စွာနိမ့်ပါးကြောင်းနှင့် အချက်အလက်လုံခြုံမှုအတွက် ကာကွယ်မှုလုပ်ငန်းစဉ်တွင် Facebook ၏တာဝန်ရှိမှုများကို ထည့်သွင်းသုံးသပ်ရန် ပျက်ကွက်ခဲ့ကြောင်း အထက်အယူခံမှုတွင် ပရီဗီကော်မရှင်နာက လျှောက်လဲခဲ့ပါသည်။

PIPEDA က ချမှတ်ခဲ့သော "meaningful consent" ဆိုသည်မှာ ကုမ္ပဏီများအနေဖြင့် users များထံမှ သဘောတူညီမှုရယူရာတွင် ယင်း users များက ၎င်းတို့ပေးသောသဘောတူညီမှုအပေါ် နားလည်မှုရှိစေရန်လိုအပ်ကြောင်း၊ Facebook ကအသုံးပြုနေသော"သဘောတူညီမှု"သည် ရှည်လျား ကျယ်ပြန့်ပြီး ရှုပ်ထွေးနေသည့်စည်းကမ်းချက်များဖြစ်နေသည်ကိုတွေ့ရှိရခြင်းကြောင့် "meaningful consent" ဟု သတ်မှတ်နိုင်မည်မဟုတ်ကြောင်း၊ ထို့ပြင် users ၏ အချက်အလက်များကာကွယ်ရေး ဆိုင်ရာမူဝါဒများထိရောက်မှု ရှိ မရှိ ကို ပုံမှန်စစ်ဆေးသုံးသပ်ရန်ဖြစ်သော်လည်း Facebook သည် ယင်းသို့စစ်ဆေးရန်ပျက်ကွက်ခဲ့ကြောင်းနှင့် ကြားခံ third party apps များကို စစ်ဆေးအတည်ပြုမှု မရှိခြင်းသည် ၎င်း၏ data protection တာဝန်နှင့်ကိုက်ညီမှုမရှိကြောင်း တရားရုံးက တွေ့ရှိခဲ့ပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2024/09/canada-appeal-court-finds-facebook-infringed-privacy-law/

## ဥရောပသမဂ္ဂ (EU) က အချုပ်အခြာအာဏာကာကွယ်ခြင်းအက်ဥပဒေနှင့်စပ်လျဉ်း၍ ဟန်ဂေရီနိုင်ငံကို European Court of Justice (ECJ) သို့ တင်ပြခြင်း

ဥရောပသမဂ္ဂကော်မရှင်သည် ဟန်ဂေရီနိုင်ငံကို နိုင်ငံ၏အချုပ်အခြာအာဏာကာကွယ်ခြင်းအက်ဥပဒေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂ၏အခြေခံမူများကို ချိုးဖောက်သည်ဟူသောစွဲဆိုချက်ဖြင့် European Court of Justice (ECJ)သို့ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့၌ တင်ပြခဲ့ပါသည်။

အချုပ်အခြာအာဏာကာကွယ်ခြင်းအက်ဥပဒေသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အာဏာသက်ဝင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဥပဒေအရ အချုပ်အခြာအာဏာကာကွယ်ရေးရုံး (Sovereignty Protection Office (SPO)) ကိုတည်ထောင်ခဲ့ပြီး SPO သည် ပြည်သူများအကြားအငြင်းပွားမှုကို ဖြစ်ပေါ်စေပြီး နိုင်ငံခြားငွေရရှိသည့်အကျိုးအမြတ်ရသော အဖွဲ့အစည်းများကိုဖြစ်စေ လူပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းစစ်ဆေးရန် အာဏာရှိပါသည်။ ယင်းဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများသည် ထောင်ဒဏ် ၃ နှစ်အထိချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

ဟန်ဂေရီအစိုးရက ထိုဥပဒေသည် နိုင်ငံခြားရေးရာမူဝါဒနှင့်ရွေးကောက်ပွဲဆိုင်ရာဝင်ရောက်စွက်ဖက်မှုကိုတားဆီးရန်ရည်ရွယ်သည်ဟုပြောကြားသော်လည်း ဥရောပသမဂ္ဂမှ SPO (အချုပ်အခြာအာဏာကာကွယ်ရေးရုံး (SPO))ကိုပေးအပ်ထားသည့် ဆင်ခြင်တုံတရားအရ ဆောင်ရွက်ပိုင်ခွင့် (discretionary power)သည် လွန်မင်းစွာကျယ်ပြန့်သည်ဟုဝေဖန်ခဲ့သည့်အပြင် ယင်းသို့ဆောင်ရွက်ပိုင်ခွင့်သည် စုံစမ်းစစ်ဆေးမှုကာလအတွင်း အနှောင့်အယှက်ဖြစ်နိုင်ကြောင်းကို သတိပေးခဲ့ပါသည်။

အချုပ်အခြာအာဏာကာကွယ်ရေးရုံး(SPO))က အဂတိလိုက်စားမှုတိုက်ဖျက်ရေးစောင့်ကြည့်လေ့လာသည့်အဖွဲ့အစည်း Transparency International Hungary နှင့် ကိုယ်ကျိုးမဖက်အများအကျိုးအတွက် ဆောင်ရွက်နေသည့်ဂျာနယ်လစ်အဖွဲ့အစည်းဖြစ်သည့် Atlatszo တို့ကို စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီးနောက်တွင် ဝေဖန်သူများက SPO ၏ပြုမူဆောင်ရွက်ချက်သည် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ သတင်းထောက်များအပေါ် မမျှတသည့် သတ်မှတ်ချက်တစ်ခုဖြစ်နိုင်ကြောင်း စိုးရိမ်ခဲ့ကြပါသည်။

အချုပ်အခြာအာဏာကာကွယ်ရေးအက်ဥပဒေကို အကဲဖြတ်ပြီးနောက် ဥရောပကော်မရှင်သည်

ဒီမိုကရေစီ၊ ပြည်တွင်းဈေးကွက်အခြေခံလွတ်လပ်ခွင့်များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မိသားစုဘဝများကို လေးစားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်ကဲ့သို့သော ဥရောပသမဂ္ဂ၏ အခြေခံအခွင့်အရေးများပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည့် အခြေခံအခွင့်အရေးများ ချိုးဖောက်ခြင်းအတွက် ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလတွင်ဟန်ဂေရီအပေါ် ချိုးဖောက်မှုဆိုင်ရာအရေးယူဆောင်ရွက်မှုကို စတင်ဆောင်ရွက်ခဲ့ပါသည်။

ဥရောပသမဂ္ဂ၏အပြည်ပြည်ဆိုင်ရာစာချုပ်များအရ ဥရောပသမဂ္ဂကော်မရှင်သည် ဥရောပသမဂ္ဂဥပဒေကို အကောင်အထည်ဖော်ရန်ပျက်ကွက်သည့်အဖွဲ့ဝင်နိုင်ငံများအပေါ် ချိုးဖောက်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း(infringement procedure)ဖြင့် အရေးယူဆောင်ရွက်နိုင်ပါသည်။ ဥရောပသမဂ္ဂဥပဒေကိုလိုက်နာရန်အတွက် ဟန်ဂေရီထံမှတုံ့ပြန်မှုကို ၂ ကြိမ် စောင့်ဆိုင်းပြီးနောက်တွင်မှ ဥရောပသမဂ္ဂကော်မရှင်သည် နောက်တစ်ဆင့်အနေဖြင့် အဆိုပါကိစ္စရပ်အား European Court of Justice(ECJ) သို့ တင်ပြရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂ၏တရားစီရင်ရေးမဏ္ဍိုင်ဖြစ်သော European Court of Justice (ECJ) သည် နိုင်ငံအစိုးရများနှင့် ဥရောပသမဂ္ဂအဖွဲ့အစည်းများအကြားဖြစ်ပွားသည့် ဥပဒေရေးရာအငြင်းပွားမှုများကို ဖြေရှင်းနိုင်သည့်စီရင်ပိုင်ခွင့်ရှိပါသည်။

ယခုဥပဒေရေးရာဆိုင်ရာအရေးယူမှုသည် ဥရောပသမဂ္ဂနှင့်ဟန်ဂေရီနိုင်ငံတို့အကြား လက်ရှိအငြင်းပွားမှုဖြစ်ပါသည်။ ယခုဖြစ်ရပ်မတိုင်မီ ဥရောပသမဂ္ဂသည် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာမူဝါဒကိုချိုးဖောက်မှုအတွက် ယူရိုသန်း ၂၀၀ ကို ဟန်ဂေရီမှ ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး နယ်စပ်ကာကွယ်ရေးဆိုင်ရာ ကုန်ကျစရိတ်များရှာဖွေခြင်းအတွက် ဟန်ဂေရီမှ ဥရောပသမဂ္ဂအား တရားစွဲဆိုမည်ဟု သတိပေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်:https://www.jurist.org/news/2024/10/eu-refers-hungary-to-ecj-over-sovereignty-protection-act/#

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

